**NLD ၏ အပြောင်းအလဲ**

**(ဘဝင်း)**

**အပေးအယူမှုနေတာ စောစောကတည်းက**

NLD (ဒေါ်စု) နဲ့ နအဖ (ဗိုလ်သန်းရွှေ) အပေးအယူမှုနေတာ စောစောကတည်းကလို့ သိထားပါတယ်။

ဘာပေးပြီး ဘာယူမယ်ဆိုတဲ့ကိစ္စက သူတို့ကိစ္စပဲ ဖြစ်လို့ 'ဗကပ'အနေနဲ့ ကြားကဝင်ပြီး ပြောစရာမလိုလို့ မပြောခဲ့ပါဘူး။ အခုတော့ ပြောရတော့မယ်။

**NLD ရဲ့ အကျပ်အတည်း**

NLD က နှစ် '၂၀'ကျော် ချက်နိုင်ငံရဲ့ "ကတ္တီပါ တော်လှန်ရေး" လမ်းကြောင်းလိုက်ခဲ့တယ်။ ချက်နိုင်ငံနဲ့ ဗမာပြည်က အခြေအနေချင်းလည်း မတူ၊ ပထဝီအနေအထားချင်းလည်း မတူလို့ ဘာမှ အရာမရောက်ခဲ့ဘူး။ "ရရင်ရ– မရရင်ချ" အင်အားစုတွေ 'ရာကျော်'အောင် အစုအဖွဲ့တွေ ကွဲကြတာပဲ အဖတ်တင်တယ်။ ဒေါ်စုလည်း 'ရာကျော်' အောင် ဂုဏ်ထူးဆောင် ဘွဲ့တွေ ဆုတွေ ရတယ်။

**အင်ဒိုနီးရှား တစတစ ပြုပြင်ရေးလမ်းကြောင်း**

"ကတ္တီပါတော်လှန်ရေးလမ်းကြောင်း" အရာမရောက်တော့ NLD (ဒေါ်စု) က "အင်ဒိုနီးရှား တစတစ ပြုပြင်ရေးလမ်းကြောင်း"ကို အာရုံကျတယ်။ ဝန်ကြီး ဦးအောင်ကြည်ကတဆင့် ဗိုလ်သန်းရွှေဆီကို အချက်ပြတယ်။ အဲဒီကတည်းက အပေးအယူတည့်သွားကြတာပဲ။ ဒါပေမဲ့ NLD အဖို့က လမ်းကြောင်း ပြောင်းရေးမှာ အခက်အခဲ ရှိနေတယ်။ နအဖ ဗိုလ်သန်းရွှေအဖို့က မခက်ဘူး။ လမ်းပြမြေပုံအရ ရွေးကောက်ပွဲလုပ်၊ အာဏာလွှဲ၊ "၂၀၀၈ အခြေခံဥပဒေ" အသက်ဝင်၊ သမ္မတ ဦးသိန်းစိန် အစိုးရသစ် ဖွဲ့လိုက်ရင် ချောမွေ့နေတယ်။

NLD အဖို့ကတော့ မချောမွေ့ဘူး။ "ကတ္တီပါ တော်လှန်ရေးလမ်းကြောင်း" ကနေ ၁၈၀ ဒီဂရီ "ဂငယ်ကွေ့ ကွေ့ရမှာ" ဖြစ်နေတယ်။ ဒါကြောင့် "NLD ပါတီသစ်" ပြန်ဖွဲ့ရတာပဲ။

**နာမည်မပြောင်း၊ လမ်းကြောင်းပြောင်းတဲ့ NLD**

ဒေါ်စု ဥက္ကဋ္ဌ လုပ်တဲ့ NLD သစ် ပေါ်လာပြီ။ ပါတီဝင် "တစ်သန်း" စုမတဲ့။ စုလို့ရမှာပါ၊ "ကတ္တီပါ တော်လှန်ရေး" အတွက် တက်ကြွလှုပ်ရှားသူ 'တစ်ထောင်'စုဖို့သာ ခက်ပါတယ်။ ကြံ့/ဖွံ့ပါတီနဲ့ မိတ်ဖက် အင်ဒိုနီးရှားလမ်းကြောင်းလိုက်မယ့် NLD အတွက် 'တစ်သန်း' ရဖို့က လွယ်ပါတယ်။

**ဦးသိန်းစိန် ဒေါ်စု တွေ့ဆုံပွဲဟာ ဗိုလ်သန်းရွှေ ဒေါ်စု အပေးအယူမှုကြတာရဲ့ အကျိုးဆက်ပါ**

ဦးသိန်းစိန်က ဗိုလ်ချုပ်အောင်ဆန်း အရုပ်ဝတ်နဲ့ ပုံအောက်မှာ ဒေါ်စုနဲ့တွေ့တာဟာ ဗိုလ်သန်းရွှေ ဒေါ်စု အပေးအယူမှုတာရဲ့ အကျိုးဆက်ပဲ။ ဦးသိန်းစိန်က ဗိုလ်သန်းရွှေကို အာခံလိုက်တာ မဟုတ်ဘူး။

**ရှေ့လူ လွှဲချလို့ မရ**

အိုဘားမားက ပေါ်လစီပြောင်းချင်တော့ ရှေ့လူ"ဘုရှ်"ကို လွှဲချလို့ ရတယ်။ ဦးသိန်းစိန်က ပြောင်းချင်တော့ သူ့ကိုယ်သူ "ပျော့ပျောင်းသူ" လို့ ပုံဖော်လို့ ရတယ်။ ဒေါ်စုက အဲဒီလို လွှဲချလို့ မရဘူး။ ဒါကြောင့် ပါတီဟောင်းဖျက်၊ ပါတီသစ် ထူထောင်ရတယ်။ "ကတ္တီပါ တော်လှန်ရေး"ကို သံယောဇဉ် တွယ်နေသူတွေကို "ကတ္တီပါ လမ်းခွဲ"ထားခဲ့ဖို့ ပါတီသစ် ထောင်ရတာပဲ။

"အင်ဒိုနီးရှား လမ်းကြောင်း" လိုက်ပါဖို့ သဘောတူသူတွေကိုပဲ NLD ပါတီသစ်က လက်ခံမှာပဲ။

ဗိုလ်အောင်ကြီးကတော့ "နောက်ဆုံးကျတော့လည်း ငါ့လမ်းစဉ်ပဲ သူတို့လိုက်ရတာပဲ" လို့ မှတ်ချက်ချပါလိမ့်မယ်။

**<u>သိပ်ခက်မှာက ရှေ့မှာ</u>**

အင်ဒိုနီးရှားနဲ့ ဗမာပြည်က ချက်နိုင်ငံနဲ့ ဗမာပြည် မတူတာလောက်နီးနီး မတူဘူး။ အင်ဒိုနီးရှားက စစ်အာဏာရှင် ဆူဟာတိုနဲ့ ဗမာပြည် ဗိုလ်နေဝင်းလည်း နည်းနည်းမှ မတူဘူး။ ဆူဟာတိုက ကွန်မြူနစ်နဲ့ တရုတ်"၅ သိန်း" သတ်ပြီး အာဏာ ရလာတာ။ အမေရိကန်က အားတက်သရော အားပေးတယ်။ အမေရိကန်နဲ့ IMF ကို မှီခိုပြီး ဆူဟာတို အာဏာ မြဲနေတာပဲ။ ဗိုလ်နေဝင်းနဲ့ မတူဘူး။

ဆူဟာတိုကို မင်းအလှည့် ပြီးပြီ၊ ဆင်းပေးလိုက်တော့–လို့ ပြောနိုင်သူ ရှိပေမယ့် ဗိုလ်နေဝင်းကို ပြောနိုင်သူ မရှိဘူး။ ပထဝီအနေအထား၊ ပထဝီနိုင်ငံရေးကလည်း လုံးလုံး မတူဘူး။ အင်ဒိုနီးရှားက တိုင်းကျပ်ပြည်ကျပ် မဟုတ်ဘူး။ တရုတ်နဲ့ ကုလားကြားမှာ မဟုတ်ဘူး။ သမုဒ္ဒရာ (၂) ခုကို ခွထားတာပဲ။

နိုင်ငံတကာ့အခြေအနေကလည်း ပြောင်းနေတယ်။ စစ်အေးခေတ် ပျားရည်ဆမ်းချိန် လွန်ခဲ့ပြီ။ ကမ္ဘာ့စနစ်သစ် လွန်ပွဲ စနေပြီ။ သူများတွေ လွတ်အောင် ရှောင်နိုင်မှာ ဖြစ်ပေမယ့် ဗမာပြည် မလွတ်နိုင်ဘူး။

အာဆီယံ ဥက္ကဋ္ဌ ဖြစ်မယ့်နှစ်–နောက်တနှစ်မှာ "အာဆီယံ လွတ်လပ်တဲ့ဈေးကွက်" (AFTA) လာတော့မယ်။ ဗမာပြည်က လမ်းဘေးထမင်းဆိုင် ဖွင့်တာလောက်ပဲ ဆိုရင်တော့ ဒုက္ခတွေ့လိမ့်မယ်။

**<u>ကြားဖြတ်ရွေးကောက်ပွဲမှာ</u>**

ဒေါ်စု နိုင်ခြေ ရှိပါတယ်။ ဦးသိန်းစိန်တို့ကလည်း ရှိစေချင်မှာပါ။ လွှတ်တော်ထဲမှာ ပဝါစုံချပြီး ထိုင်နေတဲ့ ဒေါ်စု ရှိစေချင်မှာပါ။ ဦးရွှေမန်း၊ ဦးခင်အောင်မြင့်၊ ဦးတင်အောင်မြင့်ဦးနဲ့ အားလုံးက ကြိုဆိုကြမှာပါ။

စစ်အာဏာရှင်တွေထဲမှာ ပျော့ပျောင်းသူ၊ တင်းမာသူ–ဆိုတာ ယုံတမ်းစကားပါ။

စစ်ဗိုလ်တွေ နိုင်ငံရေးလုပ်နေတဲ့ခေတ်က နှစ်"၅၀" ရှိပြီ။ သူတို့ အံခွနေပြီဆိုတာ မမေ့ပါနဲ့။

ဗမာပြည်နိုင်ငံရေးကိုလည်း အမေရိကန်၊ အင်္ဂလန်နိုင်ငံရေးမျိုးလို မစဉ်းစားမိပါစေနဲ့။

**<u>NLD လမ်းခွဲသွားတာကို ဝေဖန်နေတာ မဟုတ်၊ သတိပေးနေတာပါ</u>**

လွှတ်တော်ထဲဝင်ပြီး "၂၀၀၈ အခြေခံဥပဒေ"ကို ပြင်မယ်ဆိုတာပဲ သိပါတယ်။ ဘာတွေ ဘယ်လိုပြင်မယ်ဆိုတာ မသိသေးပါဘူး။ သိရင်တော့ အပြုသဘောနဲ့ ဝေဖန်မှာပါ။

မသေခင် ဒီမိုကရေစီ ရစေမယ်လိုလို ပြောသံ ကြားပါတယ်။ အသက်"၉၀"တန်းအထိ နေရဖို့ မှန်းရင် နှစ်– နှစ်ဆယ် အစိတ်အတွင်း ရစေမယ်လို့ အာမခံတာလား မသိပါ။

၂၀၀၈ အခြေခံဥပဒေအရ လုပ်မယ့် ရွေးကောက်ပွဲတွေကို မှန်းပြီး ပြောတာလို့ ထင်ပါတယ်။

ကြားဖြတ်ရွေးကောက်ပွဲမှာ နေရာအားလုံး မဟုတ်တောင် အများစု ရမယ်။ ၂၀၁၅–မှာ ပိုရမယ်။ ၂၀၂၀–၂၀၂၅ မှာတော့ NLD က အကြွင်းမဲ့ အနိုင်ရမယ်လို့များ မှန်းသလား မသိပါဘူး။ စိတ်ကူးယဉ်ခွင့် ရှိပါတယ်။ ဒါပေမဲ့ ကိုယ်ရင်ဆိုင် နေရတာက ဗမာပြည်စစ်အာဏာရှင်စနစ် ဆိုတာတော့ သတိပြုပါ။

ဗမာပြည် နိုင်ငံရေးမှာ ကြံ့/ဖွံ့နဲ့ NLD ပဲ ရှိနေတာ မဟုတ်ဘူး ဆိုတာလည်း နှလုံးသွင်းပါ။

အဓိက ပြောချင်တာက နိုင်ငံတကာ့အခြေအနေကို ကိုယ်က ဖန်တီးနိုင်တာ မဟုတ်ဘူး။ မီးစင်ကြည့် ကရတာပဲ ဆိုတာကို သတိပြုဖို့ပဲ။

အဆင်ပြေပါစေ။ ဟိုဘက်စည်းဝိုင်းထဲ ဝင်သွားပြီး 'ဗကပ'ကို "လက်ကျန်ဘုံရန်သူ" လို့ မစွပ်စွဲသမျှ ကိုယ့်စည်းဝိုင်းထဲကလို့ သဘောထားနေမှာပါ။ ။